သာစည်ကျေးရွာ

သာစည်ကျေးရွာအုပ်စု၊ ဆင်ပေါင်ဝဲမြို့နယ်

မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

## (ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

**စီမံကိန်းပြုစုရေးသားသည့် အဖွဲ့**

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ သာစည်ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆင်ပေါင်ဝဲမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

အောက်တိုဘာလ၊ ၂၀၁၈

မာတိကာ

၁။ စကားချီး

၂။ သယံဇာတပြမြေပုံ

၃။ တည်နေရာနှင့် ပထဝီအနေအထား

၄။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၅။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၆။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

၁။ စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ဘဏ္ဍာရေးနှစ် အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ သာစည်ကျေးရွာ၏ ကျေးရွာ သူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသည့် စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့်ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည်သိရှိခဲ့ပါသည်။


ယခုရေးဆွဲထားသောအစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင် ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆင်ပေါင်ဝဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

အောက်တိုဘာလ ၊ ၂၀၁၈ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

သာစည်ကျေးရွာ ဆင်ပေါင်ဝဲမြို့နယ်



သာစည်ကျေးရွာသည် မကွေးတိုင်းဒေသကြီး၊ဆင်ပေါင်ဝဲမြို့နယ်၊သာစည်ကျေးရွာအုပ်စု တွင်ပါဝင်ပြီး ဆင်ပေါင်ဝဲမြို့နှင့်(၁၀)မိုင်ခန့် အကွာတွင်တည်ရှိပြီး ဆင်ပေါင်ဝဲမြို့၏ အရှေ့ဘက် ကိုးပင်ကျေးရွာမှ (၁၀)မိုင်ခန့်အကွာ ရှိပြီး ကိုးပင်-သာဂရ လမ်းမ၏တောင်ဘက်(၁)မိုင် (၂)ဖာလုံ အကွာ၊ သာစည်-စပါးရင်းတွင်းလမ်းပေါ်တွင်ရှိပြီး အင်တိုင်းစံသော မြေပြန့်ဒေသ ဖြစ်သည်။ သာစည်ကျေးရွာ၏တောင်ဘက် (၂)မိုင် ခန့်အကွာတွင် လက်ယက်ကျေးရွာ နှင့် (၅) မိုင်ခန့်အကွာတွင် ဆင်မတောင်ကျေးရွာတို့တည်ရှိပြီး ကျေးရွာအားလုံးသည် သာစည်-စပါးရင်းတွင်း လမ်းမကြီး နံဘေး တွင် တည်ရှိသော ကျေးရွာများ ဖြစ်ပါသည်။ ကျေးရွာသည် ကုန်းကြောင်းမှ အချိန်မရွေး၊ ရာသီမရွေး ယာဉ်မျိုးစုံ သွားလာနိုင်သော်လည်း မိုးတွင်းတွင် မြေသားလမ်းဖြစ်သဖြင့် သွားလာရန် ခက်ခဲသည်။ အဓိကစိုက်ပျိုးသီးနှံမှာ နှမ်း ၊ ပဲမျိုးစုံနှင့် စပါးအနည်းငယ် စိုက်ပျိုးသည်။

## ၃။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

သာစည်ကျေးရွာသည် ဆီထွက်သီးနှံနှင့်ပဲမျိုးစုံထွက်ရာ ဒေသဖြစ်သည်။စိုက်ပျိုးရန် မိုးရေကိုသာ အဓိကထား စိုက်ပျိုးသော ဒေသလည်းဖြစ်သည်။ သာစည်ကျေးရွာသည် မိုးကောင်းသောက် ယာမြေ

အများဆုံးရှိပြီး လယ်အတွက် မိုးရေကိုသာ အားထားရသဖြင့် လုံလောက်မှုမရှိပါ။ ကျေးရွာပတ်ဝန်းကျင်တွင် တောတောင်အနည်းငယ်ရှိသည်။ သဲကို ကိုးပင်ကျေးရွာ (၈ရုံ) ချောင်းမှ ဆောက်လုပ်ရေးအတွက် လိုသလောက်ရရှိပြီး အနည်းငယ်ဝေးသည်။

ယာမြေများ၌ ကျက်စားသော တိရစ္ဆာန်နှင့် အပင်မျိုးစိတ်များသာ ရှိသည်။ ဆေးပုလဲ ၊ ဖန်ခါး ၊ ဇီးဖြူ၊ ဆင်တုံးမနွယ်၊ မြင်းခွာ စသည့် အပင်များ ရှိသော်လည်း တဖြည်းဖြည်းနည်းပါးလာသည်။ အင်၊ ကုက္ကို၊ သစ်ရာ ၊ အင်ကြင်း ၊ ထောက်ကြံ နှင့် ကျွန်းပင်များ ပေါက်ရောက်ပြီး ထိန်းသိမ်းမှု အားနည်းခြင်းနှင့် ထုတ်ယူသုံးစွဲမှုများသောကြောင့် သစ်တောနှင့် အဖိုးတန်တိရစ္ဆာန်မျိုးစိတ်များ လျော့နည်းလာသည်။

## ၄။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ ဘာသာရေးကဏ္ဍတွင် ရပ်မိရပ်ဖအဖွဲ့ ဖွဲ့စည်းထားပြီးလူမှုရေးကဏ္ဍတွင် အရန်မီးသတ်တပ်ဖွဲ့ ၊မိဘဆရာအသင်း၊ကျောင်းအကျိုးတော်ဆောင်ကော်မတီနှင့် ပရဟိတအဖွဲ့ စသည်တို့ ဖွဲ့စည်းထားပါသည်။ ၎င်းအဖွဲ့များမှ ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရာတွင် ကဏ္ဍအလိုက် အားတက်သရော ပူးပေါင်းဆောင်ရွက်လေ့ရှိပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားကိုယ်တိုင် ပူးပေါင်းပါဝင်မှုဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် ဦးဆောင်ပြုလုပ်ခြင်း၊ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းများကို သက်ဆိုင်ရာဦးစီးဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

### (ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့် ခွဲခြားမှုနည်းလမ်းအရ ကျွန်ုပ်တို့ကျေးရွာလူထုသည် ယျေဘုယျအားဖြင့် အသင့်အတင့်ရှိသည်ကို တွေ့ရှိရပါသည်။ အိမ်ထောင်စု (၃၃၃)စု၏ (၆၀%)သည် အလယ်အလတ်ရှိသော အိမ်ထောင်စုများ ဖြစ်ပြီး ရာသီဥတုဖောက်ပြန်မှုကြောင့် ယာလုပ်သူ နည်းပါးလာသည်။ စိုက်ပျိုးမြေပိုင်ဆိုင်မှု အနေအထားသည် ဆင်းရဲချမ်းသာမညီမျှမှု အတွက် အဓိကအချက်အလက်များဟူ၍ ဖော်ပြ၍မရပါ။စိုက်ပျိုးရေးလုပ်ငန်းကိုအဓိကလုပ်ကိုင်ကြပြီး မြေယာပိုင်ဆိုင်များရှိသော်လည်း ရာသီဥတု ဖောက်ပြန်ခြင်း၊ပိုးမွှားကျရောက်ပျက်ဆီးခြင်း၊လုပ်သားရှားပါးခြင်းနှင့်ဈေးနှုန်းကြီးမားခြင်း၊ သွင်းအားစုများထည့်သွင်းအသုံးပြုမှုစရိတ်မြင့်မားခြင်းနှင့် ဈေးကွက်မတည်ငြိမ်ခြင်း အစရှိသောအခက်အခဲများကြောင့် စိုက်ပျိုးရေးလုပ်ကိုင်သော တောင်သူများမှာ ကြွေးမြီများတင်ရှိကာ စီးပွားရေးအကြပ်အတည်း နှင့် ရင်ဆိုင်နေရသည်။

### (ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာသူ/သားများအနေဖြင့် အနီးဆုံးဈေးကို ကျေးရွာနှင့် (၁၀)မိုင်ခန့် ကွာဝေးသည့် ကိုးပင်ကျေးရွာဈေးသို့ လည်းကောင်း ၊ အကြီးစားဈေးကွက်ကို ကျေးရွာနှင့် (၄၀) မိုင်ခန့် ကွာဝေးသည့် အောင်လံမြို့ဈေးသို့ လည်းကောင်း သွားရောက်ကြပါသည်။ ကျေးရွာတွင်းလမ်း များမှာ အရှည် (၁) မိုင်ခန့်ရှိပြီး မြေသားလမ်း အမျိုးအစား ဖြစ်ပါသည်။ ရွာချင်းဆက်လမ်းမှာ မြေသားမြေနီခင်းလမ်း ဖြစ်ပါသည်။ရာသီမရွေး သွားလာနိုင်သော လမ်းဖြစ်သော်လည်း ရွာတွင်းလမ်းအချို့မှာ မိုးရာသီတွင် ရေအိုင်မှုများ ဖြစ်ပေါ်နေသည့်အတွက် သွားလာရ ခက်ခဲ ပါသည်။

ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထား ဆောင်ရွက်သည့်အတွက် နွားလှည်းကို အသုံးပြုကြပြီး သယ်ယူပို့ဆောင်ရေးတွင် ကား ၊ ဆိုင်ကယ်တို့ဖြင့် အဓိက အသုံးပြုကြပါသည်။ သတင်းအချက်အလက်များကို ရေဒီယို ၊ တီဗွီ ၊ စလောင်းများမှ အဓိက ရယူသုံးစွဲကြပြီး ဖုန်း အသုံးပြုသူများသည့်အတွက် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် လက်လှမ်းမီသည့် ကျေးရွာ ဖြစ်ပါသည်။

ကျေးရွာတွင်းရှိ အိမ်ထောင်စုများသည် ကျေးရွာရှိ စက်ရေတွင်းမှ ရေကိုသာ အဓိကထား၍ သောက်ရေနှင့်သုံးရေကို အသုံးပြုကြသည်။ သာစည်ကျေးရွာသည် အဝီစိတွင်း (၁)တွင်းသာ ရှိသည့်အတွက် နွေအခါတွင် သောက်သုံးရေ လုံလောက်မှုမရှိပါ။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးယူသူ အိမ်ထောင်စုများရှိပြီး ယာတစ်ကေလျှင် (၅၀၀၀၀)ကျပ်နှင့် လယ်တစ်ကေလျှင်(၁၀၀၀၀၀)ကျပ်နှုန်းကို ပုံစံ(၇)အပေါင်ထား၍ ချေးယူရပါသည်။ကေများစွာပိုင်ဆိုင်မှုရှိသော်လည်း အများဆုံး(၁၀)သိန်းအထိသာ ချေးပါသည်။ချေးငွေမလုံလောက်သော တောင်သူများ အနေဖြင့်ပြင်ပမှ အတိုးကြီးပေး၍ ချေးယူရပါသည်။

သမဝါယမဘဏ်မှ ချေးယူသူများရှိသော်လည်း မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ထက်အတိုးနှုန်းကြီးမြင့်ခြင်း စုဆောင်းငွေများ ထည့်ဝင်ရခြင်းစသည့်အခက်အခဲများ ကြောင့် ယခုအခါတွင် ချေးယူသူနည်းပါးလာပါသည်။ စိုက်ပျိုးရေးအတွက် သုံးစွဲရန် လယ်ထွန်စက်များကိုလည်း သမဝါ ယမ ဘဏ်နှင့် ချိတ်ဆက်၍ အရစ်ကျဝယ်ယူသူများလည်းရှိပါသည်။

ကျေးရွာတွင် Pact Myanmar အဖွဲ့မှ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် အရောင်းအဝယ်ပြုလုပ်ရန် အတွက် စိုက်ပျိုးစရိတ်ချေးငွေများကို (၁၄)ရက်(၁)ကြိမ်အတိုးနှုန်းများ ကို ပုံမှန်ပေးသွင်းပြီး (၅)လ အကြာတွင် အကြေအလည် ပေးဆပ်ရပါသည်။မွေးမြူရေးနှင့် ရောင်းဝယ် ရေး အတွက်ချေးယူငွေများကို ချေးယူငွေ အတိုး၊အရင်းပေါင်း၏ ၄% ကို (၁၄)ရက်တစ်ကြိမ်ပေးသွင်းရ ပါသည်။(၂၅)ကြိမ်ပြည့်လျှင် အကြေအလည်ပေးဆပ်ပြီး ဖြစ်ပါသည်။

(င) ပညာရေး

KG နှင့် မူလတန်းကျောင်းသားဦးရေ(၁၆၃)ဦးရှိပြီး အလယ်တန်းကျောင်းသားဦးရေ(၁၀၈)ဦး ရှိပါသည်။ကျေးရွာတွင် အထက်တန်းကျောင်းခွဲရှိပြီး အထက်တန်းကျောင်းသားဦးရေ (၆၃)ဦးရှိပါ သည်။ တက္ကသိုလ်ကျောင်းသားများသည်မကွေးမြို့သို့သွားရောက်တက်ရောက်ရပါသည်။ ကျောင်းသားများအတွက် ကျောင်းဆောင်နှင့်သင်ထောက်ကူပစ္စည်းများ လုံလောက်မှု မရှိပါ။ ကျောင်းအာဟာရ တိုက်ကျွေးမှု ပုံမှန်မရှိပါ။

(စ) ကျန်းမာရေး

သာစည်ကျေးရွာရှိ ကျေးရွာလူထုအနေဖြင့် ရာသီအလိုက် ဖျားနာခြင်း၊ အအေးမိခြင်းနှင့် ဆီးချို၊ သွေးတိုးရောဂါများသာ ဖြစ်လေ့ဖြစ်ထ ရှိပါသည်။ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်း ရှိသော်လည်းအခန်းကုတင် လုံလောက်မှုမရှိပါ။ သာမန်ဖျားနာခြင်းမျိုးနှင့် ပုံမှန်သားဖွားခြင်းတို့ကို ကျေးရွာရှိ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းရှိ တာဝန်ကျဆရာမထံတွင် ကုသကြပါသည်။ အရေးပေါ် အခြေအနေ ဖြစ်ပွားလာပါက ကျေးရွာနှင့် (၆) မိုင်ခန့် အကွာအဝေးရှိ ဆင်မတောင်ကျေးရွာ တိုက်နယ်ဆေးရုံသို့လည်းကောင်း၊ ကျေးရွာမှ (၁၀)မိုင်ခန့်ကွာဝေးသည့် ချောင်းကောက်ကျေးရွာ တိုက်နယ်ဆေးရုံသို့လည်းကောင်း ၊ ကျေးရွာမှ မိုင်(၂၀)ကွာဝေးသော ဆင်ပေါင်ဝဲမြို့နယ် ပြည်သူ့ဆေးရုံ သို့လည်းကောင်းသွားရောက်ကုသကြပါသည်။

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးခေါင်ခြင်းကို နှစ်စဉ်တွေ့ကြုံခံစားကြရပါသည်။ မိုးခေါင်ခြင်းကြောင့် တောင်သူများ၏စိုက်ခင်းများ ပျက်စီးဆုံးရှုံးခြင်း၊ စိုက်ပျိုးရေးစရိတ် ကြီးမြင့်ခြင်းတို့ကို ခံစားရပါသည်။ လူ ၊ တိရစ္ဆာန်နှင့် စိုက်ပျိုးရေးသီးနှံများတွင် ရောဂါပိုးမွှား ကျရောက်မှုရှိပြီး ကြီးမားစွာ ဖြစ်ပေါ်ခြင်း မရှိပါ။ မြေဆီလွှာထိန်းသိမ်းမှုအားနည်း ခြင်း၊သဘာဝမြေသြဇာ များကို လုံလောက်စွာမထည့်သွင်းနိုင်ခြင်းကြောင့် မြေဆီလွှာခမ်းခြောက်မှု နှင့် တွေ့ကြုံနေရပါသည်။သစ်တောများခုတ်ထွင်ရှင်းလင်းမှုများကြောင့်ထင်းနှင့်မီးသွေးလောင်စာများရှားပါးလာပါ သည်။ကျေးရွာအနီး ပတ်ဝန်းကျင်တွင် ဆေးပုလဲ ၊ဖန်ခါး ၊ ဇီးဖြူ ၊ ဆင်တုံးမနွယ်၊ မြင်းခွါ ၊ အင် ၊ ကုက္ကို ၊ သစ်ရာ ၊ အင်ကြင်း ၊ ထောက်ကြံ နှင့် ကျွန်းပင်များပေါက်ရောက်ပြီး ထိန်းသိမ်းမှုအားနည်းခြင်းနှင့် ထုတ်ယူ သုံးစွဲမှု များသောကြောင့် တဖြည်းဖြည်းလျော့နည်းလာပါသည်။

(ဇ) ကျား – မ ရေးရာ

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် အဖွဲ့အစည်းများ ဖွဲ့စည်းရာတွင် ကော်မတီ ကိုယ်စားလှယ်အဖြစ် အမျိုးသားများမှာ (၂) ဆရှိပြီး အမျိုးသမီးမှာ (၁) ဆမျှသာ ပါဝင်ဆောင်ရွက်မှု ရှိကြောင်း တွေ့ရှိရပါသည်။ မိသားစုအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ မှာ ၅၀% ပါဝင်မှုရှိသဖြင့် မျှတမှုရှိကြောင်း တွေ့ရပါသည်။ သာစည်ကျေးရွာတွင် အမျိုးသမီးများသည် ကျေးရွာတွင်း ဆွေးနွေးပွဲများနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း ၊ အလှူအတန်းကိစ္စများ ၊ ဘာသာရေးကိစ္စများနှင့် မြတ်စေတနာ ပရဟိတအသင်းတွင်လည်း တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါသည်။

**၅။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ**

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | လူငယ်ဖွံ့ဖြိုးရေး | ကျောင်းစာကြည့်တိုက်ဆောက်လုပ်ရန် | ၁ |
| ၂ | ရေပေးရေး | အိမ်တိုင်ရာရောက် ရေပေးရေးစနစ် ပြုလုပ်ခြင်း | ၂ |
| ၃ | လမ်းတံတား၊ လျှပ်စစ် | ရွာတွင်းလမ်းပြုလုပ်ရန် | ၃ |
| ၄ | ကျန်းမာရေး | လူနာတင်ယာဉ်ရရှိရေး | ၄ |
| ၅ | လမ်းတံတား၊ လျှပ်စစ် | ကျေးရွာလျှပ်စစ်မီးရရှိရေး | ၅ |

| | | | |
|---|---|---|---|
| ၆ | ပညာရေး | မူကြိုကျောင်းဆောင် ဆောက်လုပ်ခြင်း | ၆ |
| ၇ | စိုက်ပျိုးရေး | စိုက်ပျိုးရေးနည်းပညာပေးဟောပြောပွဲများ ပြုလုပ်ရန် | ၇ |
| ၈ | လူငယ်ဖွံ့ဖြိုးရေး | အားကစားကွင်းဆောက်လုပ်ခြင်း | ၈ |
| ၉ | လူငယ်ဖွံ့ဖြိုးရေး | အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းဖွင့်ရန် | ၉ |

နောက်ဆက်တွဲ (၁)

သာစည်ကျေးရွာ၏ ဖွံ့ဖြိုးရေးကွင်းဆက်- ပြဿနာများအား ဆန်းစစ်လေ့လာခြင်းမှသည် ဖြစ်နိုင်ချေရှိသည့် ဖြေရှင်းနည်းဆီသို့

| ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်း | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်း | အဆိုပြုစီမံချက် |
|---|---|---|---|---|---|
| ကျောင်းစာကြည့်တိုက်မရှိခြင်း | (၁) ငွေကြေးရန်ပုံငွေနည်းပါးခြင်း | (၁) သဲနှင့် လုပ်အားရှိခြင်း<br>(၂) မြေနေရာရှိခြင်း | (၁) ရန်ပုံငွေနည်းခြင်း၊<br>(၂) ကျောင်းသားများ အတွက် စာကြည့်တိုက် မရှိခြင်း ၊<br>(၃) မတည်အလှူရှင်မရှိ ခြင်း | ကျောင်းသားမိဘများနှင့် ကော်မတီပူးပေါင်းဆောင်ရွက်ခြင်း | ကျောင်းစာကြည့်တိုက်ဆောက်လုပ်ခြင်း |
| သောက်သုံးရေအခက်အခဲရှိခြင်း | (၁) ရေရရှိနိုင်သောနေရာနှင့်အလှမ်းဝေးခြင်း | (၁) စက်ရေတွင်းတူးဖော် ရန်မြေနေရာရှိခြင်း<br>(၂) ကျေးရွာမှ စိတ်အားထက်သန် ခြင်း | (၁) ရန်ပုံငွေမရှိခြင်း<br>(၂) လက်ရှိတွင်းသည်တွင်းဟောင်းဖြစ်နေ၍ မကြာခန ပြင်နေရခြင်း | သက်ဆိုင်ရာ ဌာန ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် | အိမ်တိုင်ရာရောက်ရေရရှိရေး |
| ကျေးရွာတွင်းလမ်းသွယ်များ ပျက်စီးနေခြင်း | (၁) လမ်းပြုပြင်ထိန်းသိမ်းမှုမရှိခြင်း<br>(၂) စနစ်တကျဖောက်လုပ်ထားသည့်လမ်းမဟုတ်ခြင်း | (၁) ကျေးရွာမှ စိတ်အားထက်သန်ခြင်း<br>(၂)လုပ်သားအင်အား ရှိခြင်း<br>(၃) စက်ယန္တရား အလွယ်တကူငှားရမ်း ရရှိနိုင်ခြင်း | (၁) ရန်ပုံငွေ မရှိခြင်း၊<br>(၂) လမ်းခင်းခြင်း နည်းပညာ၊ နည်းစနစ် မရှိခြင်း | သက်ဆိုင်ရာ ဌာန ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် | ကျေးရွာတွင်းလမ်းခင်းခြင်း |
| လူနာတင်ကားလိုအပ်ခြင်း | (၁) ဆေးရုံနှင့်ဝေးခြင်း<br>(၂) ကားငှားရမ်းခဈေးကြီးခြင်း | (၁) ကားမောင်းကျွမ်းကျင်သူရှိခြင်း<br>(၂) ကျေးရွာလူထုမှစိတ်အားထက်သန်ခြင်း | ငွေကြေးအရင်းအနှီး မရှိခြင်း | ငွေကြေးအထောက်အပံ့ရရှိရန်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | လူနာတင်ကားရရှိရေး |
| လျှပ်စစ်မီးမရရှိခြင်း | (၁)ကျေးရွာရန်ပုံငွေနည်းပါးခြင်း<br>(၂) အလှူရှင်မရှိ ခြင်း | (၁) ကျေးရွာအတွင်းမီးတိုင်နှင့်မီးကြိုးများသွယ်တန်းစိုက်ထူပြီးခြင်း<br>(၂) ကျေးရွာလူထုပူးပေါင်းပါဝင်မှုအားကောင်းခြင်း | (၁)ငွေကြေးမလုံလောက်ခြင်း<br>(၂)မတည်အလှူရှင်မပေါ်ပေါက်ခြင်း<br>(၃) အဖွဲ့အစည်းများနှင့်ချိတ်ဆက်မှုအားနည်းခြင်း | (၁) သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ရန်<br>(၂) ပြင်ပအဖွဲ့အစည်းများနှင့်ချိတ်ဆက်ရန်<br>(၃) ကော်မတီဖွဲ့စည်းရန် | လျှပ်စစ်မီးရရှိရေးစီမံချက် |
| မူကြိုကျောင်း | (၁)မူကြိုအရွယ် | (၁) မြေနေရာရှိခြင်း | အဖွဲ့အစည်းများနှင့် | (၁) သက်ဆိုင်ရာဌာန | မူကြိုကျောင်း |

| | | | | | |
|---|---|---|---|---|---|
| လိုအပ်ခြင်း | ကလေးငယ်များ များပြားခြင်း<br>(၂)မှုကြို ကျောင်း ဆောင်မရှိခြင်း | (၂) လုပ်အားပေး ဆရာမ ရှိခြင်း<br>(၃) ကျေးရွာလူထုမှ စိတ်အား ထက်သန်ခြင်း | ချိတ်ဆက်မှုအားနည်းခြင်း ၊ | များနှင့် ချိတ်ဆက်ရန်၊<br>(၂) ကျေးရွာလူထုမှ ပူးပေါင်းပါဝင် ဆောင်ရွက်ရန်၊ | ဆောက်လုပ်ခြင်း |
| ကျောင်းစာကြည့် တိုက်မရှိခြင်း | (၁) ငွေကြေးရန်ပုံ ငွေနည်းပါးခြင်း | (၁) လုံလောက်သော စာအုပ်များရှိခြင်း၊<br>(၂) မြေနေရာရှိခြင်း<br>(၃) ပရိဘောဂရှိခြင်း | (၁) ရန်ပုံငွေနည်းခြင်း၊<br>(၂)ကျောင်းသားများအတွက် စာကြည့်တိုက် မရှိခြင်း ၊ | (၁) ကျောင်းသားမိဘ များနှင့် ကော်မတီ ပူးပေါင်းဆောင်ရွက် ခြင်း | ကျောင်းစာကြည့် တိုက်ဆောက်လုပ် ခြင်း |
| မျိုးကောင်းမျိုးသန့် မရှိခြင်း | မျိုးကောင်း မျိုးသန့်ရရှိနိုင်မည့် နေရာမသိခြင်း | ကျေးရွာတွင်မျိုးရှိခြင်း | (၁) အထွက်နှုန်းနည်းပါး ခြင်း<br>(၂)ဈေးကောင်းမရခြင်း | (၁) သက်ဆိုင်ရာဌာန များနှင့်ချိတ်ဆက်ခြင်း | စိုက်ပျိုးရေးနည်း ပညာပေးဟော ပြောပွဲများ ပြုလုပ်ခြင်း |
| အားကစားကွင်းလိုအ ပ်ခြင်း | (၁) ကျန်းမာရေး လှုပ်ရှားမှုပြုလုပ် ရန် အားကစား ကွင်းလိုအပ်ခြင်း<br>(၂)အားကစားထူး ချွန်မှုအားနည်းခြင်း | (၁) လူငယ်များစိတ်အား တက်ကြွမှုရှိခြင်း<br>(၂) မြေနေရာရှိခြင်း | (၁) ငွေကြေးလုံလောက်မှု မရှိခြင်း<br>(၂) နည်းပညာ သင်ကြား ပို့ချမည့်သူ မရှိခြင်း | (၁) သက်ဆိုင်ရာဌာန များနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း | အားကစားကွင်း ဆောက်လုပ်ခြင်း |
| အလုပ်အကိုင်အခွင့် အလမ်း ရှားပါးခြင်း | (၁) လုပ်ငန်းတိုးချဲ့ နိုင်မှု နည်းပါးခြင်း<br>(၂) အရင်းအနှီး မရှိ ခြင်း | (၁) ကျေးရွာတွင်အလုပ် လုပ် လိုသူများရှိခြင်း | (၁) လုပ်ငန်းရှားပါးခြင်း | (၁) အသက်မွေးဝမ်း ကျောင်း ပညာရပ်များ သင်ကြားပေးခြင်း | အသက်မွေးဝမ်း ကျောင်းသင်တန်း များ ဖွင့်လှစ်ခြင်း |

## ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

**(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂၅ | ၂၀ | ၄၆ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၅၀ | ၄၇ | ၉၇ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၅၆ | ၆၉ | ၁၂၅ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၈၄ | ၇၆ | ၁၆၀ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၅၂၇ | ၅၆၀ | ၁၀၈၇ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၄၃ | ၄၂ | ၈၅ |
| စုစုပေါင်း | | ၇၈၅ | ၈၁၅ | ၁၆၀၀ |
| စုစုပေါင်း အိမ်ထောင်စု | | ၃၃၃ | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်**

(၁) သာစည်ကျေးရွာတွင် အိမ်ထောင်စု(၃၃၃) စု၊လူဦးရေမှာ ကျား(၇၈၅)ဦး၊ မ (၈၁၅)ဦး စုစုပေါင်း (၁၆၀၀)ဦး ရှိပါသည်။

(၂) (၁) အိမ်ထောင်စုလျှင် ပျမ်းမျှလူဦးရေမှာ (၄.၈) ဖြစ်သဖြင့် မြန်မာနိုင်ငံရှိ တစ်အိမ်ထောင် ပျမ်းမျှ လူဦးရေအောက် နည်းသည်ကို တွေ့ရပါသည်။

(၃) ကျောင်းနေအရွယ်ကလေး(၁၂၅)ဦးရှိပြီး ယောကျ်ားလေးဦးရေသည် မိန်းကလေးဦးရေထက် နည်းသည်။

**(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ**

**(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ**

ဇယား (၂)ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၂၁၄.၄၇ | သင့် | မရ | မိုးရေသောက် |
| ယာမြေ | ၂၃၅၅.၄၆ | သင့် | မရ | မိုးရေသောက် |
| ဥယျာဉ်ခြံမြေ | - | - | - | - |
| အိမ်ခြံဝင်း စိုက်ခင်း | - | - | - | - |
| ကိုင်း/ကျွန်းမြေ | - | - | - | - |
| စားကျက်မြေ | - | - | - | - |
| ပလပ်မြေ | ၉၇ | သင့် | မရ | မိုးကောင်းသောက် |
| သစ်တောမြေ | - | - | - | - |
| စုစုပေါင်း | ၂၆၆၆.၉၃ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

**မှတ်ချက်။** ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား -ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)**

(၁) သာစည်ကျေးရွာသည် လယ်ဧက (၂၁၄.၄၇) ခန့်ရှိပြီး မိုးရေသောက်လယ်များဖြစ်ပါသည်။

(၂) ယာဧက (၂၃၅၅.၄၆)ဧကရှိပြီး မိုးကောင်းသောက် ယာများဖြစ်သည့်အလျောက် မိုးခေါင်ခြင်း နှင့်

အခါလွန်မိုး ရွာသွန်းပါက သီးနှံပျက်စီးဆုံးရှုံးမှုများနှင့် ကြုံတွေ့ရပါသည်။

(၃) ပလပ်မြေ (၉၇)ဧက ရှိပြီး ၎င်းတို့သည် စိုက်ပျိုးရန် အခက်ခဲရှိသည့် ကုန်းဖောင်းများ ၊ လျှိုမြောင်းများ နှင့် မြေဆီမြေသြဇာ ညံ့ဖျင်းသော မြေများဖြစ်ပါသည်။

## (၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမှီ |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | နည်း | ခက် |
| **အခြားသဘာဝအရင်းအမြစ်** | | |
| တိရစ္ဆာန်မျိုးစိတ်များ | နည်း | ခက် |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | နည်း | ခက် |
| ပျှမ်းမျှအပူချိန် - ၃၇ 'C | ပျှမ်းမျှ မိုးရေချိန် - ၉.၁၄ လက်မ | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)**

(၁) သဲကိုလိုအပ်ပါက ကိုးပင်ကျေးရွာချောင်းသို့သွားရောက် သယ်ယူရပြီး ကျေးရွာအနီးတွင် မရှိပါ။

(၂) တိရစ္ဆာန်မျိုးစိတ်များအဖြစ် ပုတတ်၊ဖွတ် ၊ ရှဉ့် စသည်တို့ရှိပြီး တောကြောင် ၊ ယုန် စသော သတ္တဝါများမှာ တဖြည်းဖြည်း ရှားပါးလာပါသည်။

(၃) အပင်မျိုးစိတ်များအနေဖြင့် ဆင်တုံးမနွယ် ၊ ဆေးပုလဲ ၊ ညှော်ကာပင် စသည်တို့တွေ့ရှိရ ပါသည်။

(၄) သစ်ပင်များကို ခုတ်၍ ထင်းအဖြစ်အသုံးပြုကြပြီး ထပ်မံစိုက်ပျိုးခြင်း မရှိသောကြောင့် ရှားပါးလာကာ တောနေ တိရစ္ဆာန်များလည်း ရှားပါးလာပါသည်။

## (၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | အုပ်ချုပ်ရေး | ၁☐ ၂☑ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☑ | ကျေးရွာအပေါ် စီမံအုပ်ချုပ်ခြင်း၊ ဖွံ့ဖြိုးရေး ကိစ္စများဆောင်ရွက်ခြင်း၊ တို့တွင်တက်ကြွစွာပါဝင်ဆောင်ရွက်ပါသည်။ |
| ၂ | ရပ်မိရပ်ဖ | ၁☐ ၂☑ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကျေးရွာဖွံ့ဖြိုးရေးနှင့် သာရေးနာရေး ကိစ္စရပ်များတွင်တက်ကြွစွာပူးပေါင်း ပါဝင်ဆောင်ရွက်ပါသည်။ |
| ၃ | ကျောင်း ကော်မတီ | ၁☐ ၂☑ ၃☐ | ပညာရေး☑ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ပညာရေးနှင့်ပတ်သတ်သောလုပ်ငန်း များတွင် တက်ကြွစွာ ပူးပေါင်း ပါဝင် ဆောင်ရွက်ပါသည်။ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏ စွမ်းဆောင်ရည်အခြေပြအနေ (သို့) နိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၄ | ပရဟိတအဖွဲ့ | ၁☐ ၂☑ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | သာရေး၊ နာရေး ၊ လူမှုရေးနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်း ပါဝင် ဆောင်ရွက် ပါသည်။ |
| ၅ | မီးသတ်အဖွဲ့ | ၁☐ ၂☑ ၃☐ | ပညာရေး☐ ငွေကြေး☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး<br>☐လုံခြုံရေးနှင့် ကာကွယ်ရေး☑ | မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင်ပါဝင်ကူညီဆောင်ရွက်ပါသည်။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။**

၁။ သာစည်ကျေးရွာတွင် ကျေးရွာတွင်းအဖွဲ့အစည်းပေါင်း (၅)ဖွဲ့ရှိသည်ကို တွေ့ရှိရပါသည်။ ၎င်းအဖွဲ့အစည်းများကို ကျေးရွာလူထု သဘောဆန္ဒအရ ဖွဲ့စည်းထားပါသည်။ အဖွဲ့အစည်း များသည့် ၎င်းတို့သက်ဆိုင်သည့် လုပ်ငန်းများတွင် တက်ကြွစည်းလုံးစွာ ဆောင်ရွက်သည်ကို တွေ့ရှိ ရပါသည်။

**(၄) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ**

**(၄.၁) ဥစ္စာဓနအဆင့်အခြေအနေ**

ဇယား (၅)ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၀ ဧက နှင့်အထက် | (၉ – ၅) ဧကကြား | ၅ ဧကအောက် | မြေယာမဲ့ |
| အိမ်အခြေအနေ | တိုက်ခံ၊ ပျဉ်ထောင်ပျဉ်ခင်း ၊ သွပ်မိုး | ပျဉ်ထောင်ပျဉ်ခင်း၊ သွပ်မိုး | ထရံကာ ၊ ပျဉ်ခင်း၊ သွပ်မိုး | ထရံကာ၊ ကြမ်းခင်း၊ သက်ကယ်မိုး |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော ပိုင်ဆိုင်မှု | ထွန်စက် ၊ နွားလှည်း | နွားလှည်း၊ ထွန်၊ ထယ် | နွား၊ ထွန်၊ ထယ် | တံစဉ်၊ တူးရွင်း၊ ပေါက်တူး၊ ဓါး၊ ဂေါ် |
| အဓိကစီးပွားရေး လုပ်ငန်း | စိုက်ပျိုးရေး၊ မွေးမြူရေး | စိုက်ပျိုးရေး | စိုက်ပျိုးရေး၊ ကျပန်း | ကျပန်း၊ ဈေးသည် |
| **အိမ်ထောင်စု** | ၁၈ | ၂၀၀ | ၁၀၇ | ၈ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။

(၁) အထက်ပါဇယားသည်ကျေးရွာလူထု၏ပိုင်ဆိုင်မှုနှင့်ဝင်ငွေအပေါ်မူတည်၍ ခွဲခြားထားခြင်း ဖြစ်ပါသည်။

(၂) ကျေးရွာအိမ်ထောင်စု (၃၃၃) စုတွင် အဆင်ပြေသော အိမ်ထောင်စု (၁၈)စု ၊အလယ်အလပ် ရှိသောအိမ်ထောင်စု(၂၀၀)စု၊မပြေလည်သောအိမ်ထောင်စု(၁၀၇)စု၊အလွန်မပြေလည်သော အိမ်ထောင်စု (၈) စု တို့ ရှိပါသည်။

(၃) အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ အများဆုံးဖြစ်ပြီး အိမ်ထောင်စု(၂၀၀)စု ၊ ကျေးရွာရှိ အိမ်ထောင်စု စုစုပေါင်း၏ (၆၀%)ရှိသော်လည်း ရာသီဥတုဖောက်ပြန်သဖြင့် ယာလုပ်သူ နည်းပါးလာပါသည်။

### (၄.၂) သီးနှံထုတ်လုပ်ရေး

#### (၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၃၃ | ၄၀.၀၀ % | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက်(၁ ဟတ် တာထိ) | ၈ | ၂.၄၀% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ) | ၂၂ | ၆.၆၀ % | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ) | ၁၀၄ | ၃၁.၂၀ % | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်) | ၆၆ | ၁၉.၈၀% | တောင်သူကြီး |
| | ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | ၃၃၃ | ၁၀၀ % | |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)

(၁) ယာမြေပိုင်ဆိုင်သည့် တောင်သူများမှာ (၁၉၀)ဦး ခန့်နှင့် စုစုပေါင်း စိုက်ဧက (၂၃၅၅.၄၆) ဧက ရှိပါသည်။ ကျေးရွာတွင် ယာမြေကိုသာ အဓိကထားစိုက်ပျိုးကြပြီး လယ်မြေမှာ မိုးကောင်းသောက်များ ဖြစ်သောကြောင့် ရာသီဥတုမမှန်လျှင် အမြတ်ရရှိမှု နည်းသည်။

(၂) တောင်သူကြီးနှင့် တောင်သူငယ်များအနေဖြင့် သီးနှံထုတ်လုပ်ရာတွင် မျိုးကောင်းမျိုးသန့် မရရှိခြင်း ၊ စိုက်ပျိုးစရိတ်ကြီးမားခြင်း ၊ သွင်းအားစု ထည့်သွင်းအသုံးပြုမှု နည်းပါးခြင်း၊ ဓါတုဆေးသုံးစွဲမှု နည်းစနစ်မမှန်ကန်ခြင်း ၊ စိုက်ပျိုးရေးအသိပညာ နည်းပါးခြင်းတို့ကြောင့် သီးနှံအထွက်နှုန်း ကျဆင်းလျက်ရှိပါသည်။

#### (၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | |
| ပဲ | | တင်း | ၁၅ | ၃၀ | ၂၃ | သင့် |
| နှမ်း | | တင်း | ၃ | ၇ | ၅ | နည်း (ရာသီဥတုဖောက်ပြန်ခြင်း) |
| စပါး | | တင်း | ၁၀ | ၄၀ | ၂၅ | ညံ့ (မိုးရေကိုသာအဓိကထားစိုက်ပျိုးရခြင်း) |
| ပဲမျိုးစုံ | | တင်း | ၃ | ၇ | ၅ | သင့် |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်**

(၁) ပဲ နှင့် နှမ်းကို အဓိကထား စိုက်ပျိုးကြပါသည်။

(၂) လယ်မြေများရှိသော်လည်း မိုးရေကိုသာ အဓိကထား စိုက်ပျိုးကြရပါသည်။

(၃) အိမ်ဝန်းထဲတွင် ဘူး၊ဖရုံ၊ သခွါး စသောသီးနှံများကိုလည်းအနည်းငယ်စိုက်ပျိုးကြပါသည်။

(၄) သီးနှံဈေးနှုန်း ကျဆင်းခြင်း ၊ ရာသီဥတုဖောက်ပြန်ခြင်းနှင့် လုပ်သားဈေးနှုန်းကြီးမြင့် ခြင်းတို့ကြောင့် နေသည့်အတွက် အကျိုးအမြတ်ရရှိမှု နည်းပါးပါသည်။

**(၄.၃) မွေးမြူရေးလုပ်ငန်း**

ဇယား (၈) မွေးမြူရေးနှင်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၁၉၆ | ၅၉၉ |
| နို့စားနွား | - | - |
| ကျွဲ | - | - |
| မြင်း | - | - |
| မြည်း | - | - |
| လား | - | - |
| ဆိတ် | - | - |
| သိုး | - | - |
| ဝက် | ၈၅ | ၁၂၉ |
| ကြက် | ၂၆၈ | ၁၄၃၂ |
| ဘဲ | - | - |
| နွားနောက် | - | - |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | - | - |
| ပုဇွန်ကန် | - | - |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | - | - |
| ရေချို ငါးဖမ်းလုပ်ငန်း | - | - |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | - |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်

(၁) နွားများကို လယ်ယာလုပ်ငန်းအတွက် အဓိကထားမွေးမြူကြပါ သည်။ နွားကို စီးပွားဖြစ်မွေးမြူသူများလည်းရှိသည်။

(၂) ကြက် ၊ ဝက် တို့ကို တစ်ပိုင်တစ်နိုင်အနေဖြင့် မိသားစုဝင်ငွေအတွက် မွေးမြူကြပါသည်။

**(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ**

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမားအရေအတွက် | မိသားစုဝင်လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း | - | - | - | - |
| ၂ | ထုတ်ကုန်လုပ်ငန်း | - | - | - | - |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေး ဝေရေး | - | - | - | - |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း | ၄ | ၂၀ | ၄ | လတ် (ရွာနှင့်အနီးပတ်ဝန်းကျင်သာ လက်ခံဆောင်ရွက်ရခြင်း ကြောင့် ဖြစ်ပါသည်။) |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | ၁ | - | ၁ | (လတ်) ဆိုင်ကယ်ပြုပြင်ခြင်းလုပ်ငန်းအား ဆောင်ရွက် ပါသည် |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | ၇ | - | ၇ | လတ် (အိမ်တွင်း စက်ချုပ်လုပ်ငန်း ဖြစ်ပါသည်။) |
| ၇ | လက်လီ-လက်ကား ရောင်းဝယ်ရေး | ၈ | - | ၈ | လတ် (လက်လီအိမ်ဆိုင်များဖြစ်သည်) |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | ၅ | ၁၀ | ၅ | မြင့် အောင်လံမြို့၊တောင်တွင်းမြို့နှင့် မကွေးမြို့များသို့ပြေးဆွဲပါသည်။ |
| ၁၀ | ငွေရေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပညာရေး | - | - | - | - |
| ၁၃ | ကျန်းမာရေး | - | - | - | - |
| ၁၄ | လူမှုရေး လုပ်ငန်းများ | | | | |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ) | - | - | - | - |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ | - ၈၆ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ

အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်**

(၁) ဆောက်လုပ်ရေး ၊ လက်သမား ၊ ပန်းရံ လုပ်ငန်း လုပ်ကိုင်သူ အနည်းငယ်ရှိပြီး ကျေးရွာ အတွင်းနှင့် အနီးအနား ရှိ ကျေးရွာများတွင် သွားရောက်လုပ်ကိုင်ကြပါသည်။

(၂) သာစည်ကျေးရွာတွင် အိမ်ဆိုင်ရောင်းဝယ်သူ (၈)ဦးရှိပြီး မြို့နှင့်နီးသဖြင့် ရပ်တည်နိုင်မှု အလယ်အလတ်တွင်ရှိပါသည်။

(၃) သာစည်ကျေးရွာတွင် အိမ်တွင်းစက်ချုပ်လုပ်ငန်း ဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်သူ (၇) ဦးရှိပြီး ကျေးရွာတွင်း နှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ လာရောက်ချုပ်သူများ ရှိကာ ရပ်တည်နိုင်မှုအနေဖြင့် အသင့်တင့်ရှိပါသည်။

(၄) သာစည်ကျေးရွာတွင် ဆိုင်ကယ်ပြင်ဆိုင် တစ်ဆိုင်ရှိ ရွာတွင်းနှင့် အနီးပတ်ဝန်းကျင် ရွာများမှ လာရောက်ပြုပြင်သူများရှိသောကြောင့် ဝင်ငွေပုံမှန်မရှိသော်လည်း ရပ်တည်နိုင်မှုအနေဖြင့် အလည်အလတ်တွင် ရှိပါသည်။

(၅) ပို့ဆောင်ရေးလုပ်ငန်းအတွက် ကျေးရွာတွင် ကား(၅)စီးသာ ရှိပြီး အောင်လံမြို့၊ တောင်တွင်းမြို့ ၊ မကွေးမြို့ များသို့ လိုင်းပြေးဆွဲ ပါသည်။ ဆင်ပေါင်ဝဲမြို့နှင့် အနီးအနားရှိ ကျေးရွာများသို့ ဆိုင်ကယ်ကိုသာ အဓိကထား အသုံးပြုကြပါသည်။

## (၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

### (၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်) | အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| ဈေးအမည် (မြို့/ ရွာ) | ကိုးပင်ကျေးရွာ | အောင်လံမြို့ |
| ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ၀ မှ ၁ မိုင်☐ ၁ မှ ၅ မိုင် ☐ ၅ မှ ၁၀ မိုင်☑ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင်☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☑၅၁ မှ ၁၀၀ ☐၁၀၀မိုင်အထက်☐ |
| သယ်ယူပို့ဆောင်ရေးနည်းလမ်း | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☑ကား/ထော်လာဂျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐စက်လှေ☐ | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☐ ကား/ထော်လာဂျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐စက်လှေ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်**

(၁) ထွက်ကုန်သီးနှံများကို ကျေးရွာမှ အောင်လံမြို့သို့သာ တင်ပို့ရောင်းချမှုများသည်။ တစ်ခါတစ်ရံ ပဲ နှင့် နှမ်းကို တောင်တွင်းကြီးမြို့ နှင့် မကွေးမြို့များသို့ရောင်းချကြသည်။

(၂) အခြား လူသုံးကုန်ပစ္စည်းများ ၊ စိုက်ပျိုးရေးဆေးပစ္စည်းများ ၊ အိမ်သုံးပစ္စည်းများကို အောင်လံမြို့မှ ဝယ်ယူကြပါသည်။

(၃) သယ်ယူပို့ဆောင်ရေးယာဉ်အဖြစ် ကားကိုအဓိကအသုံးပြုကြပြီး ဆိုင်ကယ်များဖြင့်လည်း သွားလာကြပါသည်။

### (၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁ ☑၂ ☐၃ ☐၄ ☐၅ ☐ | ကောင်း☐ သင့်☑ ညံ့☐ | ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး☑ | ဝ-၁ မိုင်☑ ၁-၅ မိုင်☐ ၅-၁၀ မိုင်☐ ၁၀မိုင်အထက်☐ |
| ချဉ်းကပ်လမ်း | ၁ ☑၂ ☐၃ ☐၄ ☐၅ ☐ | ကောင်း☐ သင့်☐ ညံ့☑ | ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး☑ | ဝ-၁ မိုင်☑ ၁-၅ မိုင်☐ ၅-၁၀ မိုင်☐ ၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁ ☑၂ ☐၃ ☐၄ ☐၅ ☐ | ကောင်း☐ သင့်☐ ညံ့☑ | ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး☑ | ဝ-၁ မိုင်☐ ၁-၅ မိုင်☑ ၅-၁၀ မိုင်☐ ၁၀မိုင်အထက်☐ |

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ။မြေသားလမ်း -၁၊ ကျောက်ခင်းလမ်း -၂၊ ကျောက်ချောလမ်း -၃၊ ကွန်ကရစ်လမ်း -၄၊ ကတ္တရာလမ်း -၅

**လေ့လာတွေ့ရှိချက်**

(၁) သာစည်ကျေးရွာသည် ကိုးပင်-သာဂရ ကတ္တရာလမ်းမကြီးမှ တစ်ဆင့် သာစည်- စပါးရင်းတွင်း မြေနီလမ်းမကြီး နံဘေးတွင် တည်ရှိသောကြောင့် ဆက်သွယ်ရေး ကောင်းမွန် သော်လည်း မိုးရာသီတွင် သာစည်- စပါးရင်းတွင်း မြေနီလမ်းသည် လမ်းပျက်စီးမှုများရှိပြီး သွားလာရ ခက်ခဲပါသည်။

(၂) ချဉ်းကပ်လမ်းများမှာ မြေသားလမ်းဖြစ်သည့်အတွက် မိုးတွင်းအခါတွင် သွားလာရန်မကောင်းပါ။

(၃) အနီးပတ်ဝန်းကျင်ရှိကျေးရွာများသည် သာစည်- စပါးရင်းတွင်း ဖွံ့ဖြိုးရေးလမ်းမကြီး နံဘေးတွင် ရှိပြီး သွားလာရလွယ်ကူကာ မိုးတွင်းအခါတွင်သာ ရွှံ့ဗွက်များဖြင့် သွားလာရေး အနည်းငယ် ခက်ခဲပါသည်။

**(၅.၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး**

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါအကွက်တွင် ✓ ခြစ်ပါ)။**

| သယ်ယူပို့ဆောင်ရေး | Nearest town အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| မြစ်ကြောင်း | ဝ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☑ | ပွင့်လင်းရာသီ ☐တစ်နှစ်ပတ်လုံး ☐ |
| ပင်လယ်ရေကြောင်း | ဝ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☑ | ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး☐ |

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်**

(၁) သာစည်ကျေးရွာသည် ဧရာဝတီမြစ်နှင့် အလှမ်းကွာပါသည်။

**(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ**

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| အရေအတွက် | - | - | ၁၈ | ၁၇၂ | - | ၅ | ၁၀ | - | ၄၂၈ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်**

(၁) သာစည်ကျေးရွာတွင် အချို့သောကျောင်းသားများသည် စက်ဘီးကို အသုံးပြု၍ ကျောင်းတက်ကြပါသည်။

(၂) မော်တော်ဆိုင်ကယ် (၁၇၂)စီးရှိပြီး အနီးပတ်ဝန်းကျင်ကျေးရွာများနှင့် မြို့သို့ သွားရောက် ခြင်းများတွင် အသုံးများသည်။

(၃) မော်တော်ကား (၁၀)စီးရှိပြီး သီးနှံပေါ်ချိန်များတွင် ကျေးရွာမှ မြို့သို့တင်ပို့ရောင်းချရာတွင် သုံးသည်။ နေ့စဉ် အောင်လံမြို့သို့ အလှည့်ကျ ပြေးဆွဲနေသောလိုင်းကားများလည်းရှိသည်။ အများစုသည် သီးနှံပေါ်ချိန် မြို့သို့တင်ပို့ရောင်းချရာတွင်အသုံးပြုပြီး ၊ ကားအငှားလိုက်ခြင်းများလည်းရှိသည်။

(၄) နွားလှည်းအား စိုက်ပျိုးရေးလုပ်ငန်းခွင်သုံးယာဉ်အဖြစ် အသုံးပြုကြပါသည်။

(၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| မဟာဓာတ်အားလိုင်း | - |
| ဆိုလာစနစ် | ၃၃၃ |
| အသေးစားရေအားလျှပ်စစ် | - |
| ဒီဇယ်သုံးအင်ဂျင် | - |
| လေစွမ်းအင် | - |
| ဇီဝလောင်စာ | - |
| အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | - |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။

(၁) သာစည်ကျေးရွာတွင် လျှပ်စစ်ဓါတ်အား မရရှိသေးပါ ။ ဆိုလာပြားများကို ကျေးရွာရှိ အိမ်တိုင်းအသုံးပြုကြပြီး မီးလင်းရေးအတွက်ကိုသာ အဓိကထား၍ ဝယ်ယူအသုံးပြုကြ ပါသည်။

(၅.၆) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| အရေအတွက် | ၄၂၄ | ၈၁ | ၁၁၅ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။

(ဝ) ကျေးရွာရှိအိမ်တိုင်းဖုန်းရှိကြပြီး စီးပွားရေးအဆင်ပြေသော အိမ်များတွင် (၁)အိမ်လျှင် (၂-၃)လုံး ရှိကြပါသည်။ PSI , SKY NET စသောစလောင်းများ (၅၉) ခု ရှိသည့်အတွက် သတင်းအချက်အလက်များကိုလွယ်ကူစွာသိရှိနိုင်ပါသည်။ သတင်းအချက်အလက်အများစု ကို ဖုန်းများမှ ရရှိပါသည်။

(၆) ပညာရေး

(၆.၁) **ကျောင်းတက်နှုန်း**

ဇယား (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၇၂ | ၉၁ | ၁၆၃ |
| အလယ်တန်း | ၅၅ | ၅၃ | ၁၀၈ |
| အထက်တန်း | ၃၀ | ၃၃ | ၆၃ |
| တက္ကသိုလ်/ကောလိပ် | ၁၈ | ၁၁ | ၂၉ |

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၎င်းအပြင် **"ဘုန်းကြီးကျောင်းသင်ပညာရေး"** ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို **အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ** သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်**

၁။ မူလတန်းတွင် တက်ရောက်သည့် ကျောင်းသားဦးရေသည် (၁၆၃)ဦး ရှိပြီး ကျေးရွာရှိ မူလတန်း ကျောင်းသားအရွယ်ကလေးငယ် (၁၂၅)ဦးထက် (၃၈)ပိုနေခြင်းမှာ ကျောင်းတက်ရောက်ရာတွင် အရွယ်လွန်ကလေးငယ် များရှိနေခြင်းကြောင့် ဖြစ်ပါသည်။

၂။ အလယ်တန်းတက်ရောက်မှုနှုန်းတွင် လျော့ကျသွားပြီး တက်ရောက်ရမည့်အရွယ် ကလေးငယ်များ၏ (၆၇.၅၀ %) သာ တက်ရောက်ကြပါသည်။ ကျောင်းတက်ရောက်မှု လျော့ကျသွားရခြင်းမှာ ကျောင်းနေ အရွယ်လွန်ကလေးငယ်များရှိခြင်းနှင့် မိသားစုစီးပွားရေး အဆင်မပြေခြင်းများကြောင့် ဖြစ်ပါသည်။

(၆.၂) **စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ**

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| က။ ကျောင်းအဆင့် | မူလတန်း:☐<br>မူလွန်☐<br>အလယ်တန်း:(ခွဲ) ☐<br>အလယ်တန်း:☐<br>အထက်တန်း:(ခွဲ)☑<br>အထက်တန်း:☐ | မူလတန်း:☐<br>မူလွန်☐<br>အလယ်တန်း:(ခွဲ) ☐<br>အလယ်တန်း:☐<br>အထက်တန်း:(ခွဲ)☐<br>အထက်တန်း:☐ | မူလတန်း:☐<br>မူလွန်☐<br>အလယ်တန်း:(ခွဲ) ☐<br>အလယ်တန်း:☐<br>အထက်တန်း:(ခွဲ)☐<br>အထက်တန်း:☐ |
| ခ။ရွာမှအကွာအဝေး(မိုင်) | ၀ မှ ၁ မိုင် ☑၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ |
| ဂ။သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ☑<br>စက်ဘီး ☐ | ခြေလျင် ☐<br>စက်ဘီး ☐ | ခြေလျင် ☐<br>စက်ဘီး ☐ |

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| | ဆိုင်ကယ် ☐ ကား: ☐ | | | ဆိုင်ကယ် ☐ ကား: ☐ | | | ဆိုင်ကယ် ☐ ကား: ☐ | | |
| ဃ။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ)* | | | | | | | | | |
| င။အမိုး၊နံရံ၊အခင်း အရည်အသွေး | ကောင်း:☑သင့်☐ညံ့☐ | | | ကောင်း:☐သင့်☐ညံ့☐ | | | ကောင်း:☐သင့်☐ညံ့☐ | | |
| စ။ကျောင်းသုံးပရိဘောဂလုံလောက်မှု | လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☑ | | | လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐ | | |
| ဆ။ ကျောင်းအိမ်သာ အခြေအနေ | ကောင်း: ☑ သင့် ☐ ညံ့ ☐ မရှိ ☐ | | | ကောင်း: ☐ သင့် ☐ ညံ့ ☐ မရှိ ☐ | | | ကောင်း: ☐ သင့် ☐ ညံ့ ☐ မရှိ ☐ | | |
| ဇ။ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☑ | | | တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ☐ | | | တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐ | | |
| ဈ။ကျောင်းဆရာ/မ ဦးရေ | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| အစိုးရခန့် | ၁ | ၁၀ | ၁၁ | | | | | | |
| ကျေးရွာခန့် | | | | | | | | | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**မှတ်ချက်။** ။ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။

**လေ့လာတွေ့ရှိချက်**

၁။ သာစည်ကျေးရွာတွင် အထက်တန်းကျောင်း(ခွဲ) ရှိပါသည်။ ကျောင်းတွင် ကျောင်းသုံးပရိဘောဂလုံလောက်မှုမရှိပါ။

၂။ ကျောင်းအာဟာရတိုက်ကျွေးမှု ပုံမှန်မရှိပါ။

၃။ သာစည်ကျေးရွာသို့ လက်ယက်ကျေးရွာ ၊ ဖိုလ်လေးလုံးကျေးရွာ တို့မှ ကျောင်းသားများ လာရောက်တက်ရောက်ကြပါသည်။

## (၇) ကျန်းမာရေး

### (၇.၁) အဖြစ်များသောရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါများ

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု |
|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့်☐ နိမ့်☑ မရှိ☐ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်☐ နိမ့်☑ မရှိ☐ |
| ၃ | ငှက်ဖျား | မြင့်☐ နိမ့်☐ မရှိ☑ |
| ၄ | အသက်ရှုလမ်းကြောင်း ကူးစက်ရောဂါ | မြင့်☐ နိမ့်☑ မရှိ☐ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☐ နိမ့်☐ မရှိ☑ |
| ၆ | တီဘီ | မြင့်☐ နိမ့်☑ မရှိ☐ |
| ၇ | ဆီးချို | မြင့်☑ နိမ့်☐ မရှိ☐ |
| ၈ | သွေးတိုး | မြင့်☑ နိမ့်☐ မရှိ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်☐ နိမ့်☑ မရှိ☐ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐ နိမ့်☑ မရှိ☐ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ နိမ့်☑ မရှိ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်**

၁။ လက်ရှိအချိန်တွင် ကျေးရွာတွင် လူတစ်ချို့ ဖျားနာပြီး အဖုအပိန့်များပေါက်၍ ဆေးရုံသို့ သွားရောက်ကုသနေရပါသည်။

၂။ သာစည်ကျေးရွာတွင်ကျေးလက်ကျန်းမာရေးဌာနခွဲရှိသော်လည်း ဆရာမ တစ်ယောက်တည်း ရှိသဖြင့် တစ်ခါတစ်ရံ သားဖွားလူနာများနှင့် အခြား မကျန်းမာမှုများရှိလျှင် ချောင်းကောက် တိုက်နယ်ဆေးရုံသို့ သွားရောက်ကြရသည်။

**(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | **ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | ✓ | |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✓ | |
| ၃ | ပိုလီယိုရောဂါ | ✓ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✓ | |
| ၅ | ဝက်သက်ရောဂါ | ✓ | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေးထိုးနှံမှု | ✓ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | ✓ | |
| ၈ | အာဟာရပညာပေး အစီအစဉ် | | ✓ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်**

၁။ သာစည်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနမှ ဆရာမသည် လစဉ် မိခင်နှင့် ကလေးသူငယ်များအတွက် ကာကွယ်ဆေးထိုးနှံခြင်း ၊ ကျန်းမာရေးစစ်တမ်း ကောက်ယူခြင်းများ ပြုလုပ်ပါသည်။

**(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)**

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| **ကျန်းမာရေး ဝန်ဆောင်မှု** | **ခရီးအကွာအဝေး (မိုင်)** | **အခန်း/ကုတင်လုံလောက်မှု** |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ☑ |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☑ | ရှိ ☑<br>မရှိ ☐ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☑ | ရှိ ☑<br>မရှိ ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်**

၁။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိသော်လည်း အခန်းကုတင် လုံလောက်မှု မရှိပါ။ သာမန်ဖျားနာခြင်းမျိုးနှင့်ပုံမှန်သားဖွားခြင်းတို့ကိုကျေးရွာရှိ ကျေးလက်ကျန်းမာရေး ဆေးခန်းရှိ တာဝန်ကျဆရာမထံတွင် ကုသကြပါသည်။

၂။ ရောဂါများဖြစ်ပွားလာပါက ကျေးရွာနှင့် အနီးဆုံးရှိ ချောင်းကောက်တိုက်နယ်ဆေးရုံသို့ သွားရောက်၍လည်းကောင်း၊ ဆင်ပေါင်ဝဲမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့လည်းကောင်း သွားရောက်ကုသကြပါသည်။ တိုက်နယ်ဆေးရုံသည် ကျေးရွာမှ (၁၀) မိုင်အထက်တွင်ရှိပြီး၊ ဆင်ပေါင်ဝဲမြို့နယ် ပြည်သူ့ဆေးရုံကြီးသည် ကျေးရွာမှ မိုင်(၂၀) အထက် ကွာဝေးပါသည်။

၃။ ယခုအခါ ကျေးရွာမှ (၆) မိုင်ခန့်အကွာ ဆင်မတောင်ကျေးရွာတွင် တိုက်နယ်ဆေးရုံ ဖွင့်လှစ်ပြီးစီးပြီဖြစ်၍ ကျန်းမာရေးကဏ္ဍအနေဖြင့် တိုးတက်ကောင်းမွန်မှုများ ရှိလာပါသည်။

၄။ ကျေးရွာတွင် တစ်ခါတစ်ရံ အရေးပေါ်လူနာများရှိသဖြင့် အချိန်မှီကုသနိုင်ရန် လူနာတင်ကား နှင့်အောက်ဆီဂျင်ဗူး လိုအပ်ပါသည်။

## (၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၇.၄.၁) သောက်သုံးရေရရှိမှု

ဇယား (၂၁) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (မိုး၊ဆောင်း၊ နွေ) |
|---|---|---|---|
| ရေတွင်း | - | ကောင်း☐ သင့်☐ ညံ့☐ | - |
| အဝီစိတွင်း/ စက်တပ် | ၃၃၃ | ကောင်း☐ သင့်☑ညံ့☐ | မိုး၊ ဆောင်း၊ နွေ |
| အဝီစိတွင်း/ တုံကင် | - | ကောင်း☐ သင့်☐ ညံ့☐ | - |
| မိုးရေ သိုလှောင်ကန် | ၁၃၁ | ကောင်း☑ သင့်☐ ညံ့☐ | မိုး |
| မြစ်/ချောင်းရေ | - | ကောင်း☐ သင့်☐ ညံ့☐ | - |
| ရေကန် | ၃၃၃ | ကောင်း☐ သင့်☑ ညံ့☐ | မိုး ၊ ဆောင်း |
| စိမ့်စမ်းရေ | - | ကောင်း☐ သင့်☐ ညံ့☐ | - |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်**

၁။ သောက်သုံးရေသည် မိုးတွင်းအခါတွင် ကန်ရေ နှင့် မိုးရေလှောင်ကန်များရှိသောကြောင့် ရေလုံလောက်မှုရှိသော်လည်း နွေအခါတွင် သောက်သုံးရေအခက်အခဲ အနည်းငယ်ရှိပါသည်။

၂။ သာစည်ကျေးရွာတွင် မိုနိစက်ရေတွင်း(၁) တွင်းရှိသော်လည်း တွင်းသက်တမ်း ကြာမြင့်ခြင်း၊ ကျေးရွာရှိ အိမ်ထောင်စု (၃၃၃)စုတို့သည် နွေအခါတွင် ၎င်းစက်ရေတွင်းမှ ရေကိုသာ အဓိက ထားအသုံးပြုရသောကြောင့် အခက်အခဲအနည်းငယ်ရှိပါသည်။ ထိုအချိန်တွင် စက်ရေတွင်း စက်ချို့ယွင်းမှုများ ကြုံတွေ့လာရပါက သောက်သုံးရေရရှိမှုအခက်အခဲနှင့်ရင်ဆိုင်ရပါသည်။

၃။ ကျေးရွာသို့ စက်ရေတွင်း (၁) တွင်း ထပ်မံတူးဖော်ပေးပါက ပိုမိုအဆင်ပြေမည် ဖြစ်ပါသည်။

(၇.၄.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | - |
| ရေလောင်း/ယင်လုံအိမ်သာ | ၂၃၈ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | ၉၂ |
| တွင်းမရှိ အိမ်သာ | - |
| အိမ်သာမရှိ | ၃ |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်**

၁။ သာစည်ကျေးရွာတွင် သန့်ရှင်းသော ရေလောင်းယင်လုံအိမ်သာ သုံးစွဲသူအိမ်ထောင်စု မှာ (၂၃၈) စု ရှိပြီး တွင်း/ဇလား အိမ်သာ သုံးစွဲသူအိမ်ထောင်စု (၉၂) စု ရှိပါသည်။ အိမ်သာ မရှိသူအိမ်ထောင်စု (၃) စုသာ ရှိပါသည်။

၂။ သာစည်ကျေးရွာတွင် အိမ်သာမရှိသောအိမ်ထောင်စု မရှိအောင် ဆောင်ရွက်နေပြီး ကျေးရွာ ရှိ အိမ်ထောင်စုအားလုံး သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲစေရေးအတွက် အသိပညာပေးပွဲ များကိုလည်း ကျန်းမာရေးဌာနမှ ပြုလုပ်ပေးပါသည်။

**(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ**

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မရှိပါ။ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | စိုက်ပျိုးရေးလုပ်ငန်းအတွက် ရေရရှိရန် ခက်ခဲပါသည်။ |
| ၃ | ရေကြီးခြင်း | မရှိပါ။ |
| ၄ | မိုးခေါင်ခြင်း | မိုးခေါင်ခြင်းကြောင့် စိုက်ပျိုးသီးနှံ ပျက်စီးမှုများ အားကြုံတွေ့ရပါသည်။ |
| ၅ | အအေးလွန်ကဲခြင်း | မရှိပါ။ |
| ၆ | မုန်တိုင်း | မရှိပါ။ |
| ၇ | လျှော်ငလျင် | မရှိပါ။ |
| ၈ | မီးဘေး | နွေရာသီတွင် သတိပြုသုံးစွဲရပါသည်။ |
| ၉ | ဆားငန်ရေဝင်မြေ | မရှိပါ ။ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မိုးခေါင်ခြင်း၊ မြေဆီလွှာကောင်းမွန်မှုအားနည်းခြင်း |
| ၁၁ | သစ်တောပြုန်းတီးခြင်း | လောင်စာ ထင်းအဖြစ်သုံးစွဲမှု များသောကြောင့် သစ်ပင်ကြီးများ ရှားပါးလာပါသည်။ |
| ၁၂ | ငှက်ဖျားရောဂါ | မရှိပါ။ |
| ၁၃ | တီဘီရောဂါ | အနည်းငယ်သာရှိပါသည်။ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိပါ။ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မရှိပါ။ |

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | အနည်းငယ်သာရှိပါသည်။မိုးဦးကျ တွင် အဖြစ်များပါသည်။ |
| ၁၇ | လူကုန်ကူးခြင်း | မရှိပါ။ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည် | မရှိပါ။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်**

၁။ သာစည်ကျေးရွာသည် စိုက်ပျိုးရေးအဖြစ် မိုးရေကိုသာအဓိကအားထားလုပ်ကိုင်ရသည် ဖြစ်သောကြောင့် မိုးခေါင်သည့် နှစ်များတွင် သီးနှံများ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ပါသည်။

၂။ သာစည်ကျေးရွာတွင် မီးကင်းစောင့်ခြင်း၊ မီးသုံးစွဲမှုများအား လိုက်လံစစ်ဆေးခြင်း၊ ပြစ်ဒဏ်များ ချမှတ်ခြင်းတို့ဖြင့် မီးဘေးကြိုတင်ကာကွယ်ခြင်းများ ပြုလုပ်ထားပါသည်။

၃။ အခြားသဘာဝဘေးအန္တရာယ် လျှော့ချရေးအစီအစဉ် အလေ့အထ ၊ ဗဟုသုတနှင့် ကျွမ်းကျင်မှု မရှိကြပါ။

**(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ**

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာအခြေအနေ | လတ် | မိုးခေါင်ခြင်း၊ဓာတ်မြေသြဇာအလွန်အကျွံသုံးစွဲခြင်းတို့ကြောင့် ပျက်စီးမှုများရှိပါသည်။ |
| အပင်မျိုးစိတ်များ | နိမ့် | တောမီးလောင်မှု နှင့် သစ်တောပြုန်းတီးမှုများကြောင့် အပင်များရှားပါးလာပါသည်။ |
| ၵရေအရင်းအမြစ် | လတ် | မိုးခေါင်ခြင်းနှင့် နွေရာသီတွင်သောက်ရေကန် များသို့လှည်းများဝင်/ထွက်၍ ရေမသန့်ပါ။ |
| ငါးမျိုးကွဲများ | - | - |
| အခြားတိရစ္ဆာန်မျိုးကွဲများ | လတ် | သစ်တောပြုန်းတီးမှုများ နှင့် သတ်ဖြတ်မှုများကြောင့် ရှားပါးလားပါသည်။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်**

၁။ ကျေးရွာတွင် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု များစွာအားနည်းပြီး ရှားပါးမှုများလည်း ဖြစ်ပေါ်လျက်ရှိပါသည်။ ပိုးသတ်ဆေးဘူးခွံများ နှင့် ပလပ်စတစ်အိတ်များအား စနစ်တကျ စွန့်ပစ်ခြင်းများ မရှိသောကြောင့် ပတ်ဝန်းကျင်သန့်ရှင်းမှု နည်းလာပါသည်။

(၁၀ ) ကျား – မ ရေးရာ

ဇယား (၂၅) ကျား – မ ရေးရာ

| # | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက် သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ☑ | မရှိ☐ |

| # | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက် သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ရှိ☑ | မရှိ☐ |

ရင်းမြစ်(၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်**

(၁) သာစည်ကျေးရွာတွင် အမျိုးသမီးများသည် ကျေးရွာတွင်း ဆွေးနွေးပွဲများနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်းကောင်း၊ အလှူအတန်းကိစ္စများ ၊ ဘာသာရေးကိစ္စများ နှင့် မြတ်စေတနာပရဟိတ အသင်းတွင်လည်း တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါသည်။